ဇန္တာဃရဝတ္တဥ္စ၊ ပြာကိုစွန့်ခြင်း, တံမြက်လှည်းခြင်းစသော ချေးဇရုံးအိမ်၌ ပြုရသော ဝတ်ရင်း။

ဝစ္စကုဋိဝတ္တဥ္စ၊ ချောင်းဟန့်ခြင်း, သက်န်းတန်း၌ သက်န်းကို တင်၍ မနှေး မလျင် ဝင်ခြင်း, သင်းပိုင်ကိုပင့်၍ မဝင်ခြင်း, နင်းခုံ၌ နင်းပြီးမှ သင်းပိုင်ကို ပင့်ခြင်း, ကြမ်းသော ကနုတ် စသည်ဖြင့် မသုတ်ခြင်း, သန့်သက်ရေ ဆေးခြင်း, နင်းခုံ၌ နင်းလျက် သင်းပိုင်ကို ဖုံးလွှမ်းခြင်း စသော ကျင်ကြီးအိမ်၌ ပြုရသော ဝတ်ရင်း။

ဥပဇ္ဈာယဝတ္တဥ္စ၊ နံနက်စောစော ထ၍ ကိုယ်ဝတ်ကို လက်ကတော့ တင်၍ မျက်နှာသစ်ရေ ဒန်ပူကပ်ခြင်း, ယာဂုဆွမ်းကပ်ခြင်း, သပိတ် ခွက် ဆေးခြင်း, ကျောင်း အိပ်ရာနေရာတို့ကို သုတ်သင်ခြင်း, နေလှန်းခြင်း, တံမြက်လှည်းခြင်း, နေရာခင်းခြင်း စသည်ဖြင့် ဥပဇ္ဈာယ်ဆရာ၌ သဒ္ဓိဝိဟာရိက တပည့်တို့က ပြုရသော ဝတ်ရင်း။

သဒ္ဓိဝိဟာရိကဝတ္တဥ္စ၊ သင်္ဂြိုဟ် ထောက်ပင့် ချီးမြှင့်ခြင်း စသည်ဖြင့် သဒ္ဓိဝိဟာရိက တပည့်တို့၌ ဥပဇ္ဈာယ်ဆရာက ပြုရသော ဝတ်ရင်း။

အာစရိယဝတ္တဥ္စ၊ နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက်ကတော့တင်၍ မျက်နှာသစ်ရေ ဒန်ပူ ကပ်ခြင်း, ယာဂုဆွမ်းကပ်ခြင်း, သပိတ် ခွက် ဆေးခြင်း, ကျောင်း အိပ်ရာနေရာတို့ကို သုတ်သင်ခြင်း, နေလှန်းခြင်း, နေရာခင်းခြင်း စသည်ဖြင့် ဆရာလေးပါးတို့၌ တပည့်လေးပါးတို့က ပြုရသော ဝတ်ရင်း။